**Ministry of Health and Sports, Myanmar**

ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅:၂၂ ·

**Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၂-၂-၂၀၂၀) ရက်နေ့၊ ည (၈း၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ အချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည် ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထု အခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် စင်္ကာပူနိုင်ငံမှ (၅-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့သော Coronavirus Disease 2019 (COVID-19) ဓာတ်ခွဲ အတည်ပြုလူနာ (၁) ဦးနှင့် အနီးကပ်ထိတွေ့ခဲ့သည့် အသက် (၂၉) နှစ်အရွယ် အမျိုးသမီးအား (၉-၂-၂၀၂၀) ရက်နေ့မှ စတင်၍ ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးခဲ့ရာ လူနာ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါလူနာနှင့် ထိတွေ့ခဲ့သဖြင့် နေအိမ်တွင်နေထိုင်စေ၍ အသွား အလာ ကန့်သတ်ခြင်း (Home Quarantine) ပြုလုပ်ထားသူများတွင်လည်း ကျန်းမာရေး အခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။

၃။ မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနဆောင်ရွက်ရန် တရုတ်သုတေသနရေယာဉ် XIANG YANG HONG 06 သည် (၁၂-၂-၂၀၂၀) ရက်နေ့၊ ညနေ (၄း၂၀) နာရီအချိန်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့ရာ ဗဟို ကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ လူဝင်မှုဆိုင်ရာဆိပ်ကမ်းကျန်းမာရေးဌာနခွဲနှင့် ရန်ကုန်တိုင်း ဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ အဆိုပါရေယာဉ်ပေါ်သို့တက်ရောက်၍ သင်္ဘောသား နှင့် သုတေသီ (၅၉) ဦးအား တစ်ဦးချင်း အဖျားစစ်ဆေးခြင်း၊ သင်္ဘောပေါ် ရှိ နေ့စဉ် အဖျားတိုင်းတာမှု မှတ်တမ်းအား စစ်ဆေးခြင်း၊ Health Declaration Card များ စစ်ဆေးခြင်း၊ သင်္ဘောပေါ် ရှိ အစား အသောက်နှင့် သန့်ရှင်းမှုအခြေအနေအား စစ်ဆေးခြင်းတို့အား ဆောင်ရွက်ခဲ့ရာ အဖျားလူနာ မတွေ့ရှိခြင်း၊ မော်ဒိုက်နိုင်ငံ၊ မာလီမြို့မှ (၂၁-၁-၂၀၂၀) ရက်နေ့တွင် ထွက်ခွာလာပြီး Coronavirus Disease 2019 (COVID-19) ရောဂါပျိုးရက်ထက် ကျော်လွန်နေခြင်းတို့ကြောင့် ဆိပ်ကမ်းကပ်ခွင့်အား ညနေ (၆း၀၀) နာရီအချိန်တွင် ထုတ်ပေးခဲ့ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁-၂-၂၀၂၀) ရက်နေ့၊ ည (၈း၀၀) နာရီမှ (၁၂-၂-၂၀၂၀) ရက်နေ့၊ ည (၈း၀၀) နာရီအချိန်အထိ Coronavirus Disease 2019 (COVID-19) ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ်မရှိပါ။

၅။ သို့ဖြစ်ပါ၍ ယနေ့ (၁၂-၂-၂၀၂၀) ရက်နေ့၊ ညနေ (၆း၀၀) နာရီအချိန်အထိ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် စောင့်ကြည့်လူနာ (၁၆) ဦးအား သက်ဆိုင်ရာ ဆေးရုံများ၌ ဆက်လက် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန် လျက်ရှိပါသည်။

၆။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ရောဂါစောင့်ကြည့်လူနာနှင့် သံသယလူနာများတွေ့ရှိပါက ဆက်လက်သတင်းထုတ်ပြန်သွားမည် ဖြစ်ပါသည်။

**Coronavirus Disease 2019 (COVID-19)**

**လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ**

**စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၂-၂-၂၀၂၀) ရက်နေ့၊ ည (၂၀း၀၀) နာရီ**